ကန့်သတ်

-၁-

# ပြည်ထောင်စု မြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံ စာရင်းကောင်စီ
## နေပြည်တော်

ညွှန်ကြားချက်အမှတ် ၁/၂၀၁၀
၁၃၇၁ ခုနှစ်၊ နယုန်လဆန်း (၁)ရက်
(၂၀၁၀ခုနှစ်၊ မေလ ၁၃ ရက်)

အကြောင်းအရာ။ ။ ကိုယ်ပိုင်စာရင်းကိုင် လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်သက်တမ်းတိုးရန် မြန်မာနိုင်ငံ စာရင်းကောင်စီသို့ လျှောက်ထား ရမည့်ကာလကို ပြင်ဆင် သတ်မှတ်ခြင်း

ရည်ညွှန်းချက် ။ ။ (၁)မြန်မာနိုင်ငံ စာရင်းကောင်စီ၏ ၁၄-၈-၁၉၉၆နေ့စွဲပါ ညွှန်ကြားချက် အမှတ် ၁/၉၆
(၂)မြန်မာနိုင်ငံ စာရင်းကောင်စီ၏ ၄-၇-၂၀၀၈နေ့စွဲပါ ညွှန်ကြားချက် အမှတ် ၁/၂၀၀၈

၁။ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့် မှတ်ပုံတင် သက်တမ်းတိုးခြင်းလုပ်ငန်းတွင် လာမည့်နှစ်အတွက် သက်တမ်းတိုးလျှောက်လွှာကို လက်ရှိနှစ်၏ နိုဝင်ဘာလ(၃၀)ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်၊ ထိုအတိုင်း အချိန်မီ မတင်နိုင်ပါက ဒီဇင်ဘာ(၁)ရက်မှ ဇန်နဝါရီလ (၃၁)ရက်နေ့အထိ (၂)လအတွင်း သတ်မှတ်နောက်ကျကြေး ပေးသွင်းပြီးမှသာ သက်တမ်းတိုးခွင့် လျှောက်ထားရမည်ဟု ရည်ညွှန်းချက်အမှတ်(၁)တွင် ဖော်ပြထားပါသည်။

၂။ ရည်ညွှန်းချက်အမှတ်(၂) ဖြစ်သည့် CPE ညွှန်ကြားချက် အပိုဒ် ၅(စ) အရ CPE ဆောင်ရွက်ချက်များအား၊ ပြက္ခဒိန်နှစ်ကုန်ဆုံးပြီး၊ တစ်လအတွင်း CPE ဆောင်ရွက်မှု အစီရင်ခံစာကို အထောက်အထား မိတ္တူများနှင့်အတူ၊ နှစ်စဉ် မြန်မာနိုင်ငံ စာရင်း ကောင်စီသို့ အစီရင်ခံ တင်ပြရမည်ဟု ဖော်ပြထားပါသည်။

၃။ သို့ဖြစ်ပါ၍ CPE ဆောင်ရွက်မှု အစီရင်ခံစာတင်သွင်းခြင်းနှင့် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့် မှတ်ပုံတင် သက်တမ်းတိုးခြင်း လုပ်ငန်း တစ်ထပ်တည်းဖြစ်စေရန် ၂၀၁၁ခုနှစ်အတွက်

ကန့်သတ်

ကိုယ်ပိုင်စာရင်းကိုင် လုပ်ငန်း လုပ်ကိုင်ခွင့် မှတ်ပုံတင် သက်တမ်းတိုးခြင်းမှစ၍ ကိုယ်ပိုင်စာရင်းကိုင် လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်သက်တမ်းတိုးရန် မြန်မာနိုင်ငံ စာရင်းကောင်စီသို့ လျှောက်ထား ရမည့်ကာလကို ၂၀၁၀ခုနှစ် မေလ(၄)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော မြန်မာနိုင်ငံ စာရင်းကောင်စီ ၁/၂၀၁၀ အစည်းအဝေးဆုံးဖြတ်ချက်အရ အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ် လိုက်ပါ သည်။

(က) ကိုယ်ပိုင်စာရင်းကိုင် လုပ်ငန်းလုပ်ကိုင်ခွင့်ကို ပြက္ခဒိန်နှစ်အလိုက် ပြန်လည် မှတ်ပုံတင်ရန် ပြန်လည်မှတ်ပုံတင်မည့်နှစ်၏ ဇန်နဝါရီလ(၃၁)ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။

(ခ) ထိုအတိုင်း အချိန်မီ မတင်နိုင်ပါက ဖေဖော်ဝါရီလ(၁)ရက်မှ မတ်လ (၃၁)ရက်နေ့အထိ (၂)လအတွင်း သတ်မှတ်နောက်ကျကြေး ပေးသွင်းပြီးမှသာ သက်တမ်းတိုးခွင့် လျှောက်ထားရမည်။

အမိန့်အရ-

(ခင်စန်းဦး)
တွဲဖက်အတွင်းရေးမှူး

ဖြန့်ဝေခြင်း-

ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့် မှတ်ပုံတင်ထားသည့် လက်မှတ်ရပြည်သူ့ စာရင်းကိုင်များ

စာအမှတ်၊ မစက/ညွှန်ကြား/၈၁ ရက်စွဲ၊ ၂၀၁၀ခုနှစ် မေလ (၁၃)ရက်

မိတ္တူကို-

၁။ မြန်မာနိုင်ငံ စာရင်းကောင်စီဝင်များ

၂။ မှတ်ပုံတင်အရာရှိ၊ မြန်မာနိုင်ငံ စာရင်းကောင်စီ၊ ရန်ကုန်

၃။ ကြော်ငြာသင်ပုန်း

၄။ ရုံးလက်ခံ

ပြည်ထောင်စုမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံစာရင်းကောင်စီ

**ရုံးအမိန့်**

အမှတ်။ ၄၅　　　　　　　　　　　　　　　　ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊မေလ (၃၁) ရက်

အကြောင်းအရာ။　　ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သူများနှင့်စပ်လျဉ်း၍ ကောက်ခံသည့်နှုန်းထားများပြင်ဆင်ခြင်း။

၁။　၂၀၁၂ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် ကျင်းပခဲ့သော မြန်မာနိုင်ငံစာရင်းကောင်စီ၏ ၁/၂၀၁၂ အစည်းအဝေးဆုံးဖြတ်ချက်အရ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်သူများနှင့် စပ်လျဉ်း၍ ကောက်ခံသည့်နှုန်းထားများကို အောက်ဖော်ပြပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်သည်။

| | | (ကျပ်) |
|---|---|---|
| ✓ (က) | စာရင်းကိုင်အလုပ်သင်မှတ်ပုံတင်ကြေး | ၅,၀၀၀ |
| ✓ (ခ) | လက်မှတ်ရပြည်သူ့စာရင်းကိုင် လက်မှတ်နှစ်စဉ် မှတ်ပုံတင်ကြေး | ၁၀,၀၀၀ |
| | (အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့်ယူပါက)အပိုကြေး | ၂,၀၀၀ |
| (ဂ) | လက်မှတ်ရပြည်သူ့စာရင်းကိုင် လက်မှတ်နှစ်ပြတ်ကြေး(တစ်နှစ်လျှင်) | ၁,၀၀၀ |
| ✓ (ဃ) | ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့် နှစ်စဉ်မှတ်ပုံတင်ကြေး | ၃၀,၀၀၀ |
| | (အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့်ယူပါက)အပိုကြေး | ၅,၀၀၀ |
| (င) | ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်ခွင့်နှစ်ပြတ်ကြေး(တစ်နှစ်လျှင်) | ၁၀,၀၀၀ |
| (စ) | ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်ခွင့် နောက်ကျကြေး<br>(နှစ်စဉ် ဇန်နဝါရီလ ၃၁ ရက်မတိုင်မီလျှောက်ထားခြင်းမပြုသူများ) | ၁၀,၀၀၀ |

၂။　အထက်ပါနှုန်းထားများသည် ၂၀၁၃ ခုနှစ်ပြက္ခဒိန်နှစ် မှတ်ပုံတင်ခြင်းမှစ၍ အကျိုးသက်ရောက်သည်။

အမိန့်အရ

(နိုင်နိုင်အောင်)
အတွင်းရေးမှူး

စာအမှတ်၊ လက-၄/၀၆/(၁၅၀ /၂၀၁၂)　　　　　　　　ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊မေလ (၃၁ )ရက်

ဖြန့်ဝေခြင်း

- ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာရင်းကောင်စီ
- ဒုတိယ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာရင်းကောင်စီ
- မြန်မာနိုင်ငံစာရင်းကောင်စီ၊ အဖွဲ့ဝင်များ
- ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သူများ
- ဒုတိယညွှန်ကြားရေးမှူး၊(စီမံ/ ဘတ်ဂျက်)၊ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
- ရုံးအမိန့်ဖိုင်
- လက်ခံ
- မျှော။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံစာရင်းကောင်စီ

**ရုံးအမိန့်**

အမှတ် ။ ၈၈ ။ ရက် စွဲ ၊ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ( ၁၁ ) ရက်

အကြောင်းအရာ။ **ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်အတွက် သက်တမ်းပြတ်ကြေးနှင့် နောက်ကျကြေးများ ပြင်ဆင်သတ်မှတ်ခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံစာရင်းကောင်စီ၏ ၃၁-၅-၂၀၁၂ ရက်စွဲပါ ရုံးအမိန့် အမှတ် ၄၅။

၁။ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင်ကျင်းပခဲ့သည့် မြန်မာနိုင်ငံစာရင်းကောင်စီ (၆/၂၀၁၄) အစည်းအဝေးဆုံးဖြတ်ချက်အရ ရည်ညွှန်းချက်ပါရုံးအမိန့်၏ အပိုဒ် ၁(င) ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့် နှစ်ပြတ်ကြေး(တစ်နှစ်လျှင်) "ကျပ်တစ်သောင်း" အစား "ကျပ်တစ်သိန်း" ဟုပြင်ဆင်သတ်မှတ်လိုက်သည်။

၂။ ထို့အပြင်နောက်ကျကြေးပေးသွင်း၍ သက်တမ်းတိုးခွင့် ပြုထားသည့် မတ်လ ၃၁ ရက်နေ့ နောက်ပိုင်းမှ သက်တမ်းတိုးခွင့်ပြုရန်လျှောက်ထားမှုများအတွက် အောက်ပါအတိုင်းဆောင်ရွက်မည်-

(က) သက်ဆိုင်ရာ ပြက္ခဒိန်နှစ်အတွက် မူလသတ်မှတ်ထားသည့် နှစ်စဉ်မှတ်ပုံတင်ကြေး၊ မတ်လ ၃၁ ရက်နေ့အထိ နောက်ကျကြေးများအပြင် ဧပြီလမှ ဇွန်လအထိ တစ်လလျှင် ကျပ် ၁၀,၀၀၀ နှုန်းဖြင့်နောက်ကျကြေးထပ်မံကောက်ခံမည်၊ ရက်ပိုင်းများကိုတစ်လဟုသတ်မှတ်မည်၊

(ခ) ဇွန်လ ၃၀ရက် နေ့နောက်ပိုင်းမှ လျှောက်ထားမှုများကို လုံးဝ(လုံးဝ) ခွင့်ပြုမည်မဟုတ်ပါ၊

(ဂ) ဇန်နဝါရီလ ၁ ရက်နေ့နှင့် နောက်ကျကြေးပေးသွင်းသည့်ရက်တို့၏ကြားကာလအတွင်း ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်ပြုမည်မဟုတ်ပါ၊ နောက်ကျကြေးပေးသွင်းသည့်ရက်၏ နောက်ပိုင်း ကာလကိုသာ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်ပြုမည်။

၃။ အထက်အပိုဒ် (၁) ပါ သတ်မှတ်ချက်သည် ၂၀၁၅ ပြက္ခဒိန်နှစ်အတွက် သက်တမ်းတိုးရန် ပြတ်တောက်ခြင်းမှစ၍လည်းကောင်း၊ အပိုဒ် (၂) ပါသတ်မှတ်ချက်သည် ၂၀၁၅ ပြက္ခဒိန်နှစ်အတွက် ပြန်လည်မှတ်ပုံတင်ခြင်းမှစ၍လည်းကောင်း အကျိုးသက်ရောက်သည်။

အမိန့်အရ

(ကြည်ဝင်း)

ညွှန်ကြားရေးမှူး

စာအမှတ်၊ မစက/ ၆၀၁ /( ၃၆၅/ ၂၀၁၄) ရက်စွဲ ၊ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ( ၁၁ ) ရက်

ဖြန့်ဝေခြင်း

ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သူများ/ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအားလုံး
ကြော်ငြာသင်ပုန်း

မိတ္တူ

မြန်မာနိုင်ငံစာရင်းကောင်စီဝင်များအားလုံး
မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း အလုပ်အမှုဆောင်များအားလုံး
ရုံးလက်ခံ
မျှော